**ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ ကုန်စည်စီးဆင်းမှု မှန်ကန်ရေး ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေးနှင့်စားသုံးသူ အကာအကွယ်ပေးရေးဆိုင်ရာ (၂/၂၀၁၅) ကြိမ်မြောက်အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြား**

**နေပြည်တော်- ဩဂုတ်လ ၇ ရက်။** စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၃) ၌ ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၇ ရက် (သောကြာနေ့) ၊ နေ့လည် (၁၃:၀၀) နာရီတွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ ကုန်စည်စီးဆင်းမှု မှန်ကန်ရေး၊ ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးနှင့် စားသုံးသူအကာ အကွယ်ပေးရေးဆိုင်ရာ (၂/၂၀၁၅) ကြိမ်မြောက် အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးဟာ ပုံမှန်လစဉ်ကျင်းပတဲ့ ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီရဲ့ ပုံမှန်အစည်းအဝေးဖြစ်တဲ့အပြင် အဓိက အချက်အနေနဲ့ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပေါ်နေမှုကြောင့် အခြေခံစားကုန်ဖြစ်တဲ့ ဆန်အပါအဝင် တခြားကုန်စည်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးနဲ့ ကုန်စည်စီးဆင်းမှု မှန်ကန်စေရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်ဖို့ဖြစ်ပါကြောင်း၊

၂၀၁၅ ခုနှစ်၊ ဇွန်လအတွင်းဖြစ်ပေါ်ခဲ့သည့် ဒေါ်လာငွေလဲလှယ်နှုန်းများ ရုတ်ခြည်းမြင့်တက်မှုကာလအတွင်း နိုင်ငံတော်အနေနဲ့ စားအုန်းဆီ၊ စက်သုံးဆီတင်သွင်းတဲ့ ကုမ္ပဏီများသို့ ဗဟိုဘဏ်မှ သတ်မှတ်ငွေလဲနှုန်းအတိုင်း ရောင်းချပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ထုတ်ရောင်းပေးခြင်းသည် ဈေးနှုန်းသက်သာစွာနှင့် ပြည်ပမှတင်သွင်းပြီး ပြည်တွင်းက စားသုံးသူအများ ပြည်သူတွေဆီကို သင့်လျော်တဲ့ အမြတ်အစွန်းရယူပြီး ထိုက်သင့်သော ဈေးနှုန်းနဲ့ ပြန်ပြီးဖြန့်ဖြူး ရောင်းချပေးနိုင်ဖို့ ရည်ရွယ်ပြီးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သော်လည်း ဆီတင်သွင်းသည့် အချို့ကုမ္ပဏီ များသည် နိုင်ငံတော်မှသတ်မှတ်ထားသည့် လိုင်စင်ကာလထက်ကျော်လွန်ပြီး မသက်ဆိုင်သည့် ယခင်ကာလ လိုင်စင်များနှင့်ပါ ဗဟိုဘဏ်ငွေလဲလှယ်နှုန်းဖြင့် ဘဏ်များမှ ဒေါ်လာဝယ်ယူပြီး မမှန်မကန် ဆောင်ရွက်သည့်အတွက် သက်ဆိုင်ရာဌာနများမှ လိုအပ်သလို အရေးယူရန် ဆောင်ရွက်လျှက်ရှိပါကြောင်း၊

အလားတူ ပို့ကုန်ဝင်ငွေအနေဖြင့် နိုင်ငံတော်က ပုဂ္ဂလိကလုပ်ငန်းရှင်များလုပ်သာကိုင်သာရှိစေရန်နဲ့ လုပ်ငန်းများလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဖြေလျော့မှုများ ဆောင်ရွက်ပေးခဲ့ရာတွင် Exporter အများစုကအခွင့်ကောင်းယူပြီး ပို့ကုန်ရငွေများ ပြည်တွင်းသို့ ပြန်လည်

လွဲပြောင်းမှုများ မရှိတော့တာကို တွေ့ရှိရမှာဖြစ်တဲ့အတွက် လိုအပ်တဲ့စိစစ်အရေးယူမှုများ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊

ယခုရက်ပိုင်းအတွင်းမှာ ငွေလဲလှယ်နှုန်းများ တည်ငြိမ်မှုရှိပြီး ဘဏ်ဈေးနှုန်းနှင့် အပြင်ဈေးနှုန်းများ သိပ်မကွာတော့ကြောင်း၊ အဓိက ဒေါ်လာငွေကြေးကစားနေသည့် သူများအနေဖြင့် စီးပွားရေး ကမောက်ကမဖြစ်အောင် ဈေးကစားတာမျိုးမလုပ်ဖို့ပြောကြားလိုပါကြောင်း၊

လက်ရှိကြုံတွေ့နေရတဲ့ မြန်မာနိုင်ငံတစ်ဝှမ်း ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဖြစ်ပေါ်ခဲ့သည့် သဘာဝဘေး အန္တရာယ်များကြောင့် မိုးစပါးအပါအဝင် မိုးသီးနှံများပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံစိတ်ချရမှုရှိစေရေး၊ ဈေးနှုန်းများမြင့်တက်မှု မရှိစေရေးအတွက် ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နဲ့ ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များက တာဝန်ရှိသူများအနေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး စားသုံးသူပြည်သူများအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူလူထု ထိခိုက်နစ်နာအောင် အဖျက်အမှောင့်လုပ်သည့်ပုံစံဖြင့် ဆန်စပါးဈေးနှုန်းကြီးမြင့် အောင်ဖန်တီးနေကြသည့် ကိုယ်ကျိုးရှာဝိသမလောဘသမားများကိုလည်း ထိထိရောက်ရောက်နဲ့ ပြင်းထန်စွာအရေးယူသွားနိုင်ရေးအတွက် ဆက်လက်တင်ပြဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်အသင်းတို့ကလည်း အများပြည်သူအပေါ် ဝန်ထုပ်ဝန်ပိုး ဖြစ်စေမယ့် ဆန်ဈေးနှုန်းများ မဖြစ်ပေါ်စေရေး ပြည်တွင်းစားသုံးမှု ဖူလုံရေးအတွက် ယခုလို ရေကြီးနစ်မြုပ်ပြီးအချိန် တိုင်းဒေသကြီး၊ ပြည်နယ်များကို သဘာဝဘေး အန္တရာယ်ကျရောက်သော ဒေသများအဖြစ်ကြေညာပြီး နိုင်ငံတော်မှ ဦးစီး၍ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်နေချိန်မှာ ဆန်ပြည်ပတင်ပို့ခြင်းအား အချိန်ကာလတစ်ခုအထိ ရပ်ဆိုင်းထားရှိဖို့ တင်ပြလာခဲ့သည့်အတွက် ဩဂုတ်လ ၇ ရက်နေ့မှစပြီးမန္တလေး (၁၆) မိုင်ဂိတ်တွင် စတင်တားဆီးပေးခဲ့ကြောင်း၊ ပြည်တွင်းဈေးနှုန်းတည်ငြိမ်ပြီး ပြည်တွင်းစားသုံးမှု လုံလောက်သည့်အချိန်ထိ ယာယီတားဆီးပေးမည်ဖြစ်ကြောင်း၊

ပြည်တွင်းကုန်ဈေးနှုန်း တည်ငြိမ်ရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်မှ လောလောဆယ်ရေဘေးသင့်ဒေသများအတွက် ဆန်ဈေးနှုန်းကို အရင်းအတိုင်း ၁၇၅၀၀/- ကျပ်နှုန်းဖြင့်ရောင်းချပေးလျက်ရှိသည့်အပြင် စားဆီအသင်းမှလည်း အရင်းအတိုင်းကျသင့်ဈေးနှုန်းနှင့် ရောင်းချပေးနေကြောင်း၊ လောလောဆယ် ပြည်တွင်းဆန်စပါးလက်ကျန်အခြေအနေအရ လုံလောက်မှုရှိကြောင်း၊ လိုအပ်ပါကနိုင်ငံတော်၏လမ်းညွှန်ချက်နှင့်အညီ အာဆီယံအရံဆန် တင်သွင်းရေးကိုပါ ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

လိုအပ်ပါက၏ဆန်စပါးကိုအရေးကြီးကုန်စည်အဖြစ်သတ်မှတ်ကြေညာပြီးတင်ပို့မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှုတို့ကို တားမြစ်အမိန့် ထုတ်ပြန်ဆောင်ရွက်ဖို့ စီစဉ်ဆောင်ရွက် လျှက်ရှိပါကြောင်း၊

လက်ရှိအခြေအနေအရ တစ်ဖက်ကဆန်စျေးနှုန်းများ တည်ငြိမ်အောင်ထိန်းသိမ်းနေတာ ကိုအခွင့်ကောင်းယူပြီးနေ့စဉ်ဆန်ကားအစီးရာနှင့်ချီပြီးနယ်စပ်သို့သယ်ယူနေကြောင်းကြားသိ နေရပါကြောင်း၊

နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းများရဲ့ အဓိက ထွက်ပေါက်ဖြစ်တဲ့ မန္တလေး (၁၆) မိုင်ဂိတ်စစ်ဆေးရေးစခန်းမှ ဆန်စပါးများ ဖြတ်သန်းသယ်ဆောင်ခြင်းကို တားဆီးလျက်ရှိပြီး ဒေသတွင်းစားသုံးရန် လိုအပ်ချက်ရှိပါကလည်း သက်ဆိုင်ရာဌာနများ၊ ဒေသအုပ်ချုပ်ရေးအဖွဲ့ အစည်းများ၊ ဒေသကုန်သည် အသင်းများနဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း၊

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများအားလုံးမှ သဘာဝဘေးအန္တရာယ်ကြောင့် ဆန်စပါးစျေးအပါအဝင် အခြေခံစားကုန်စျေးနှုန်းများ မြင့်တက်မှုမရှိစေရေး၊ ကုန်စည်စီးဆင်းမှု မြန်ဆန် သွက်လက်စေရေး၊ ရေဘေးသင့်ဒေသအတွင်းရှိ ပြည်သူများ၏ ဘဝပြန်လည်ထူထောင်ရေးတို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြဖို့လိုပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အရ ရေဘေးသင့်ဒေသ များရှိ ပြည်သူများ ဆန်၊ ဆီ၊ ဆားအပါအဝင် အခြေခံစားကုန်များ အမြတ်မယူပဲ ရောင်းချပေးနိုင်မည့် ဆိုင်များ ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ပြီး ပြန်လည်တည်ထောင်ရေးလုပ်ငန်းများတွင် ကျရာကဏ္ဍအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းပြောကြားလိုပါကြောင်း နိဂုံးချုပ်ပြောကြား ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေး နှုန်းတည်ငြိမ်ရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကကိုယ်စားလှယ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များက ဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အထူးဖိတ်ကြားထားသော ပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး အသင်းအဖွဲ့များက ရေးဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးမှုများ၊ အခြေခံစားသောက်ကုန်များကို အရင်းအတိုင်းရောင်းချရန်ဆိုင်များ ဖွင့်လှစ်နိုင်မည့် အခြေအနေများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိပါသည်။